# CBT မန်နေဂျာ (သို့) ကျေးရွာဒေသခံ ကော်မတီအတွက် COVID-19 ကာကွယ်ရေး အကြံပေးလမ်းညွှန်ချက်များ

ရပ်ရွာလူထုခရီးသွား လုပ်ငန်းများ (CBT) အတွက်
**COVID-19**
ကာကွယ်ရေး
လမ်းညွှန်ချက်များ





## ၁

ကျေးရွာအတွင်းလည်ပတ်နေစဉ် ခရီးသွားဧည့်သည်များ သို့မဟုတ် ဧည့်လမ်းညွှန်မှ Covid-19 ရောဂါလက္ခဏာဖြစ်နေပါက နားနေရန် လူအများနှင့်အလှမ်းဝေးသော community quarantine ကဲ့သို့သော နေရာကို စီမံထားရန် လိုအပ်ပါသည်။ ၎င်းနေရာသည် သံသယလူနာအား အနီးစပ်ဆုံးဆေးရုံသို့ မပို့မီ ထားရမည့်နေရာဖြစ်သည်။ ၎င်း community quarantine နေရာတွင် ထိုင်ခုံနှင့်အမိုးတို့ ပြင်ဆင်ထားသင့်သည်။




## ၂

ဧည့်သည်များ မလက်ခံမီနှင့် လက်ခံပြီးတိုင်း အရေးကြီးသည့် လိုက်နာရမည့် အချက်များ checklist ထားရှိပါ။ (ဥပမာ – လက်ဆေးခြင်း၊ အထိအတွေ့များသည့်နေရာများကို ပိုးသတ်ခြင်း) Checklist ကောက်ယူရာတွင် မည်သည့်အချိန်၊ မည်သူက တာဝန်ယူဆောင်ရွက်ခဲ့သည့် မှတ်တမ်းထားပါ။



## ၃

ကျေးရွာခရီးစဉ်တွင် ဝန်ဆောင်မှုပေးသော ဒေသခံများ အားလုံးသည် ရောဂါကာကွယ်ရေးနည်းလမ်းများကို နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။ ခရီးသွားဧည့်သည်များမှ မကြာခဏ ထိတွေ့လေ့ရှိသော အရာဝတ္ထု၊ နေရာများကို ဧည့်သည်များမလာမီနှင့် ပြန်သွားပြီးတိုင်း ဆပ်ပြာနှင့် ဆေးကြောသန့်စင်ပါ။ ပိုးသတ်ပါ။



## ၄

ကြိုတင်ဘိုကင် ယူထားသော ဧည့်သည်များသာ လက်ခံပါ။ လိုင်စင်ရ ဧည့်လမ်းညွှန်အား ကုမ္ပဏီအမည်၊ ခရီးသွားဧည့်သည်၏ အမည်နှင့် နိုင်ငံသားများကို မေးမြန်းပါ။ အကယ်၍ အရေးပေါ်တခုခုဖြစ်ပါက မိမိအနေနှင့် မည်သည့် လုပ်ဆောင်ချက်များကို လုပ်ပေးခဲ့သည်ကို အသေးစိတ်မှတ်တမ်းတင်ထားပါ။



## ၅

ခရီးသွားဧည့်သည်၊ ဧည့်လမ်းညွှန်၊ ယာဉ်မောင်းများသည် ဒေသခံများ၏ အိမ်ထဲသို့ ဝင်ရောက်လည်ပတ်ခြင်းမှ ရှောင်ကျဉ်ပါ။ လက်မှုပစ္စည်းပြသခြင်းနှင့် နေ့လည်စာ သုံးဆောင်ခြင်းကို အိမ်အပြင်တွင်သာ ပြုလုပ်ပါ။

**ကျေးဇူးပြု၍ လမ်းညွှန်ချက်များကိုလိုက်နာပြီး ဘေးကင်းစွာနေပါ။**

International Trade Centre
MYANMAR-SECO-UN TRADE CLUSTER
United Nations Inter-Agency Cluster on Trade and Productive Capacity
UNOPS, UNCTAD, ITC, UNIDO, ILO
COMMERCE
MINISTRY OF HOTELS & TOURISM
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Confederation
The Federal Department of Economic Affairs, Education and Research (EAER)
State Secretariat for Economic Affairs SECO
CBI
Ministry of Foreign Affairs